**Burmese Democratic Futures Working Group – BDFWG**

**University of Virginia**

# Myanmar Weekly Conflict Update (December 1 - 7, 2024)

## ဒီဇင်ဘာလ ပထမအပတ်အတွင်း အရပ်သား ထိခိုက် / သေဆုံး / ဆုံးရှုံးမှုများ

- မြန်မာနိုင်ငံ အနှံ့အပြားတွင် ဒီဇင်ဘာလ ပထမအပတ်အတွင်း စစ်ကောင်စီတပ်၏ လေကြောင်းနှင့် လက်နက်ကြီး ပစ်ခတ်တိုက်ခိုက်မှုကြောင့် အရပ်သားပြည်သူ ၃၄ ဦး သေဆုံးခဲ့ပါသည်။ ထိုအထဲတွင် သံဃာ ၁ ပါး၊ ကလေး ၆ ဦးနှင့် အမျိုးသမီး ၃ ဦး ပါဝင်ပါသည်။
- မကွေးတိုင်းနှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတို့တွင် သေဆုံးမှုဦးရေမှာ အများဆုံးဖြစ်ပြီး ၁၀ ဦးစီ သေဆုံးခဲ့ပါသည်။ ပဲခူးတိုင်းနှင့် ရှမ်းပြည်နယ်တောင်ပိုင်းတွင် ၅ ဦးစီ၊ ရခိုင်ပြည်နယ်တွင် ၃ ဦးနှင့် ကရင်ပြည်နယ်တွင် ၁ ဦးတို့ ဖြစ်ကြပါသည်။
- လက်နက်ကြီးဖြင့်ပစ်ခတ်မှုကြောင့် သေဆုံးသူ ၆ ဦး၊ လေကြောင်းနှင့် ဒရုန်းဖြင့်တိုက်ခိုက်မှုကြောင့် သေဆုံးသူ ၂၅ ဦးတို့ ဖြစ်ပါသည်။

## မီးရှို့ဖျက်ဆီးမှုများ

မြန်မာနိုင်ငံရှိ ပြည်နယ်နှင့်တိုင်း ၃ ခုတွင် စစ်ကောင်စီတပ်မီးရှို့သဖြင့် နေအိမ် ၂၆၆ လုံး မီးလောင်ပျက်စီးခဲ့ပါသည်။

- မန္တလေးတိုင်းတွင် နေအိမ် ၂၀၀ လုံး၊ မကွေးတိုင်းတွင် ၄၆ လုံးနှင့် ရခိုင်ပြည်နယ်တွင် နေအိမ်အလုံး၂၀ တို့ ဖြစ်ကြပါသည်။

**ဖမ်းဆီးခံရမှုများ**

မြန်မာနိုင်ငံရှိ ပြည်နယ်နှင့်တိုင်း ၃ ခုတွင် ဒီဇင်ဘာလ ပထမအပတ်အတွင်း အရပ်သားပြည်သူ ၂၄ ဦး ဖမ်းဆီးခံခဲ့ရသည်။ ပဲခူးတိုင်းတွင် ၁၆ ဦး၊ ဧရာဝတီတိုင်းတွင် ၅ ဦးနှင့် ရခိုင်ပြည်နယ်တွင် ၃ ဦးတို့ ဖြစ်ကြပါသည်။

**လေကြောင်းမှ တိုက်ခိုက်မှုများ**

မြန်မာနိုင်ငံရှိ ပြည်နယ်နှင့်တိုင်း ၇ ခုတွင် ဒီဇင်ဘာလ ပထမအပတ်အတွင်း စစ်ကောင်စီတပ်မှ လေကြောင်းတိုက်ခိုက်မှု ၃၀ ကြိမ်ပြုလုပ်ခဲ့ပါသည်။ ရှမ်းပြည်နယ်တောင်ပိုင်းတွင် ၁၁ ကြိမ်၊ မန္တလေးတိုင်းတွင် ၈ ကြိမ်၊ ရခိုင်ပြည်နယ်တွင် ၅ ကြိမ်၊ စစ်ကိုင်းတိုင်းတွင် ၃ ကြိမ်၊ ချင်းပြည်နယ်၊ မကွေးတိုင်းနှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတို့တွင် ၁ ကြိမ်စီတို့ ဖြစ်ကြပါသည်။

## ဒီဇင်ဘာလ ပထမအပတ်အတွင်း ဖြစ်ပွားခဲ့သော တိုက်ပွဲများ

**တိုက်ပွဲနှင့် ထိခိုက်သေဆုံးမှု**

၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ပထမအပတ်အတွင်း ဒရုန်းဖြင့်တိုက်ခိုက်မှုအပါအဝင် တိုက်ပွဲကြီးငယ်ပေါင်း ၄၉ ကြိမ် ဖြစ်ပွားခဲ့သည်။ ရခိုင်ပြည်နယ်တွင် တိုက်ပွဲအကြိမ်အရေအတွက် အများဆုံး ဖြစ်ပြီး ၁၄ ကြိမ် ဖြစ်ပွားခဲ့သည်။ ကချင်ပြည်နယ်တွင် တိုက်ပွဲအကြိမ်အရေအတွက် ဒုတိယများဆုံးဖြစ်ပြီး ၈ ကြိမ် ဖြစ်ပွားခဲ့သည်။ မကွေးတိုင်းတွင် ၅ ကြိမ်၊ ကရင်ပြည်နယ်၊ မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် ၄ ကြိမ်စီ၊ ပဲခူးတိုင်းနှင့် ချင်းပြည်နယ်တို့တွင် ၃ ကြိမ်စီတို့ ဖြစ်ပါသည်။ ဧရာဝတီတိုင်း၊ ကရင်နီပြည်နယ်၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်မြောက်ပိုင်း၊ ရှမ်းပြည်နယ်တောင်ပိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် တိုက်ပွဲဖြစ်ပွားခြင်း လုံးဝမရှိပါ။

ဒီဇင်ဘာလ ပထမအပတ်အတွင်း တိုက်ပွဲများတွင် စစ်ကောင်စီတပ်သား ၃၆၂ ဦး သေဆုံးခဲ့ပြီး တော်လှန်ရေးပူးပေါင်းတပ်ဖွဲ့မှ ၅ ဦး ကျဆုံးခဲ့ပါသည်။

# တစ်ပတ်အတွင်း စစ်ရေးဖြစ်ပေါ်တိုးတက်မှု

## AA နှင့် ပူးပေါင်းတပ်ဖွဲ့များ၏ စစ်ဆင်ရေး

- နိုဝင်ဘာ ၂၉ ရက်တွင် ရခိုင်ပြည်နယ်၊ အမ်းမြို့တွင်း အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်အနီး ကာကင်း စခန်းပြုလုပ်တပ်စွဲထားသည့် မြို့သစ်ခတ်ပေါင်းစု စစ်ဘေးရှောင်စခန်း၊ ဂန္ဓာရုံဘုန်းတော်ကြီး ကျောင်း၊ လေယာဉ်ကွင်း (မြို့ဟောင်း) စခန်းနှင့် ယာယီတပ်ဆေးရုံတို့ကို အာရက္ခတပ်တော် AA က သိမ်းယူနိုင်ခဲ့သည်။

- အာရက္ခတပ်တော် ( AA) က ရခိုင်ပြည်နယ်၊ မောင်တောမြို့ရှိ တစ်ခုတည်း လက်ကျန်စခန်း နခခ(၅) နယ်ခြားစောင့် ဌာနချုပ်ကို ဒီဇင်ဘာ ၆ ရက်နေ့တွင် အောင်မြင်စွာ သိမ်းပိုက်ခဲ့ပါသည်။

## KIA နှင့် ပူးပေါင်းတပ်ဖွဲ့များ၏ စစ်ဆင်ရေး

- ဒီဇင်ဘာ ၄ ရက်တွင် ကချင်ပြည်နယ်၊ ဗန်းမော်မြို့နယ်ရှိ စစ်ကောင်စီ၏ ခလရ ၄၇ တပ်ရင်းဌာနချုပ် ၏ ညောင်ပင်သာစခန်း၊ ဖန်းခါးကုန်းဂိတ်စခန်းနှင့် ဗန်းမော်တက္ကသိုလ်ဝန်းအတွင်းရှိ စစ်ကောင်စီ အခြေချစခန်းတို့ကို KIA/PDF မဟာမိတ်တပ်များက တိုက်ခိုက် သိမ်းပိုက်ခဲ့ပါသည်။

- ဒီဇင်ဘာ ၆ ရက်တွင် KIA ပူးပေါင်းတပ်များသည် ကချင်ပြည်နယ်၊ ဗန်းမော်မြို့တွင်းရှိ စစ်ကောင်စီ၏ မြို့မရဲစခန်းနှင့် ဌာနဆိုင်ရာရုံးပေါင်းစုံ ရုံးကြီးအား တိုက်ခိုက်သိမ်းယူနိုင်ခဲ့သည်။

## KNLA နှင့် ပူးပေါင်းတပ်ဖွဲ့များ၏ စစ်ဆင်ရေး

- ကရင်ပြည်နယ်၊ ဖာပွန်၌ ဒီဇင်ဘာ ၃ ရက်တွင် KNLA ပူးပေါင်းတပ်များသည် စစ်ကောင်စီ၏ ဆင်စွယ် တပ်စခန်းနှင့် ဒီဇင်ဘာ ၄ ရက်တွင် တောင်သုံးလုံး တပ်စခန်းတို့ကို သိမ်းပိုက်ရရှိပြီး လက်နက် ၄၀ ကျော်၊ ခဲယမ်းများနှင့်အတူ စစ်သုံ့ ပန်း ၃၆ ဦးကိုပါ ဖမ်းဆီးရရှိခဲ့သည်။

**ဒီဇင်ဘာ ၁ ရက်မှ ၇ ရက်အထိ တစ်ပတ်အတွင်းရရှိသော သတင်းများအပေါ် အခြေခံထားပါသည်။**




**Data of Myanmar Conflict 01--07, December 2024**

| States | Clashes between SAC and PDF/EAOs | Air Strike | SAC's soldiers killed | PDF killed | Children killed | Civilians killed | Civilians arrested | Villages set on fire | Houses burned down |
|---|---|---|---|---|---|---|---|---|---|
| AYEYARWADY | | | | | | | 5 | | |
| BAGO | 3 | | 24 | | | 5 | 16 | | |
| CHIN | 3 | 1 | 3 | | | | | | |
| KACHIN | 8 | | | | | | | | |
| KAYIN | 4 | | 5 | | 1 | | | | |
| MAGWAY | 5 | 1 | 31 | 4 | 2 | 8 | | | 46 |
| MANDALAY | 4 | 8 | 21 | | | | | | 200 |
| RAKHINE | 14 | 5 | 220 | | 1 | 2 | 3 | | 20 |
| SAGAING | 4 | 3 | 13 | 1 | | | | | |
| SHAN (North) | | 1 | | | | 10 | | | |
| SHAN (South) | | 11 | | | 2 | 3 | | | |
| TANINTHARYI | 4 | | 30 | | | | | | |
| YANGON | | | 15 | | | | | | |
| **TOTAL** | **49** | **30** | **362** | **5** | **6** | **28** | **24** | | **266** |

# Map of Myanmar Conflict ( December 01-07, 2024 )



## တစ်ပတ်အတွင်း နိုင်ငံရေးဖြစ်စဉ်

စစ်ဘေးဒုက္ခဒဏ်ကို ပြင်းထန်စွာခံစားနေရသည့် အပြစ်မဲ့ပြည်သူများ၏အကျိုးကိုငဲ့၍ သော်လည်းကောင်း၊ တရုတ်–မြန်မာ နယ်စပ်တည်ငြိမ်ရေးကို ကာကွယ်ထိန်းသိမ်းရန်သော်လည်းကောင်း ကိုးကန့်တပ် MNDAA အနေဖြင့် ရောက်ရာနေရာမှ ချက်ချင်း အပစ်အခတ်ရပ်စဲမည်ဖြစ်ပြီး စစ်ကောင်စီတပ်အနေဖြင့်လည်း နိုင်ငံအနှံ့တွင် မြေပြင်၊ ဝေဟင်ထိုးစစ်များ ရပ်ရမည်ဟု MNDAA က ဒီဇင်ဘာ ၃ ရက်တွင် ထုတ်ပြန်ပါတယ်။

ဒီဇင်ဘာ ၃ ရက်တွင် နေပြည်တော်၌ ရုရှားနိုင်ငံ၊ ဒူးမားလွှတ်တော် ဒု-ဥက္ကဋ္ဌနှင့် စစ်ခေါင်းဆောင်တို့ တွေ့ဆုံပြီး နိုင်ငံတကာတွင် အပြန်အလှန် ရပ်တည်ပေးမှုများရှိသည့်အပေါ် ဆွေးနွေးကြသလို စစ်ကောင်စီ လက်အောက်ခံ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် (UEC)နှင့်လည်း ရွေးကောက်ပွဲကိစ္စ MoU ရေးထိုးခဲ့ကြပါတယ်။

ဒီဇင်ဘာ ၄ ရက်က နေပြည်တော်တွင် စစ်ခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဘီလာရုဇ်သံအမတ်ကြီးနှင့် သံတမန် ဆက်ဆံရေး၊ ကာကွယ်ရေး ပူးပေါင်းတိုးမြှင့်ရန် ဆွေးနွေးခဲ့ကြောင်း စစ်ကောင်စီ၏ ထုတ်ပြန်ချက်အရ သိရပါတယ်။

**ကိုးကား - The Irrawaddy, Ayeyarwaddy Times, ThanLwin Myanmar, Mizzima, Myanmar Now, Myanmar Pressphoto Agency, Khit Thit Media, Narinjara, DVB, BBC, MeKong News, ThanLwin Times, PVTV, RFA, Khonumthung Burmese.**